# ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၂) သင်တန်း
# ၂၀၂၀ ပြည့်နှစ်

## မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲ
## မြွေကိုက်ရောဂါကာကွယ်ရေး

# မြွေကိုက်လူနာ ရှေးဦးသူနာပြုစုခြင်း

(၁) မြွေကိုက်ခံရသည့်နေရာကို သန့်ရှင်းသော အဝတ်ဖြင့် ခပ်ဖွဖွသုတ်ပါ။ အား ဖြင့် ဖိမပွတ်ရ။

(၂) အလျား (၃) လက်မ၊ အနံ (၃) လက်မ၊ အထူတစ်လက်မခွဲအရွယ် သန့်ရှင်းသော အဝတ်ကို ထူထူခေါက်၍ သော်လည်းကောင်း၊ ပတ်တီးခေါက် တစ်ခုကိုသော်လည်းကောင်း ဒဏ်ရာပေါ်တွင် တင်ပါ။

(၃) လက်ဖမိုး၊လက်ချောင်း (သို့မဟုတ်) ခြေဖမိုး၊ခြေချောင်းများတွင် မြွေကိုက်ခံရပါက အဝတ်ခေါက်ကို သင့်လျော်ရာ အရွယ်ပြုလုပ်၍ ဒဏ်ရာပေါ်တင်ပါ။

# မြွေကိုက်လူနာ ရှေးဦးသူနာပြုစုခြင်း

(၄) အဝတ်ခေါက်၏ အပေါ်တွင် ပတ်တီး (သို့မဟုတ်) အဝတ်စ ကို မြဲမြံ တင်းရုံ (ခြေဆစ် လက်ဆစ်များ နာကျင်သည့်အခါတွင် စည်းနှောင် သလောက်သာ) စည်းပါ။

(၅) ဒဏ်ရာကို ပတ်တီးစည်းပြီးပါက ဝါးခြမ်း (သို့မဟုတ်) တုတ်ချောင်း ရှည်ဖြင့် မြွေကိုက်ခံရသော ခြေ (သို့မဟုတ်) လက်တစ်ချောင်းလုံးကို ကပ်၍ ကြပ်စည်းပါ။

ခြေဆစ်၊ လက်ဆစ် ၏ အထက်နှင့် အောက်တို့တွင် ကြိုး (သို့မဟုတ်) ပတ်တီးဖြင့် ချည်နှောင်ရမည်။

(၆) ခြေလက်တစ်ချောင်းလုံး အရှည်ရှိသော တုတ်ချောင်းမရနိုင်ပါက ဝါးခြမ်းနှစ်ခု၊ သုံးခုကို သင့်လျော်သလို ဆက်၍ သုံးပါ။

# မြွေကိုက်လူနာ ရှေးဦးသူနာပြုစုခြင်း

(၇) လူနာကို လှုပ်ရှားမှု လုံးဝမပြုလုပ်စေဘဲ နီးစပ်ရာ ဆေးရုံ ဆေးပေးခန်းသို့ အမြန်ဆုံး ပို့ဆောင်ရမည်။

(၈) ဖြစ်နိုင်ပါက မြွေသေကို တစ်ပါတည်းယူဆောင်လာပါ။ ကိုက်သော မြွေကို သိရှိပါ က မှန်ကန်တိကျသော မြွေဆိပ်ဖြေဆေးကို အချိန်မီထိုးနိုင်ရန် အထောက်အကူ ပြုသည်။

# မြွေကိုက်လူနာ ရှေးဦးသူနာပြုစုခြင်း

သတိပြုရန်မှာ မြွေဟောက်၊ ငန်းပုပ်၊ ငန်းတော်ကျား၊ သံကွင်းစွပ် စသော အသက်ရှူကြွက်သား များအား ထိခိုက်စေသော မြွေကိုက်ခံရပါက အထက်ပါ ပြုစုမှုများအပြင် အကိုက်ခံရသော နေရာမှ ဆေးရုံသို့ သယ်ဆောင်လာစဉ်အတွင်း အသက်ရှူအထောက်အကူ ပြုနိုင်သည့် ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုပေးရပါမည်။

# မြွေကိုက်လူနာလွှဲပြောင်းခြင်း

(ကျေးလက်ကျန်းမာရေးဌာနများတွင် ဆောင်ရွက်လျက်ရှိသော မြွေကိုက်လူနာ
လွှဲပြောင်းခြင်း လုပ်ငန်းများကို သိရှိစေရန် နှင့် ကူညီဆောင်ရွက်ရန်ဖြစ်ပါသည်။)

လူနာများကို လွှဲရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ပါ။

၁။ လုံလောက်သော မြွေဆိပ်ဖြေဆေးပမာဏကို ထိုးပေးပါ။ (သိရှိရန်)

၂။ Vital Sign (သွေးပေါင်ချိန်၊ နှလုံးခုန်နှုန်း၊ အသက်ရှုနှုန်း)များ ကောင်းမွန်စေရန် လိုအပ်သည်များ ဆောင်ရွက်ပါ။(သိရှိရန်)

၃။ လွှဲပြောင်းရာတွင် မြွေဆိပ်မပြန့်စေရန် လှုပ်ရှားမှု အနည်းဆုံးဖြစ်အောင်ဆောင်ရွက်ပါ။

၄။ ပြည့်စုံစွာ ဖြည့်စွက်ထားသော လွှဲစာနှင့်အတူလွှဲပါ။

၅။ ဆေးရုံသို့ အမြန်ရောက်ရှိစေရန် ဆောင်ရွက်ပါ။

# မြွေစိမ်းမြီးခြောက်ကိုက်ခံရခြင်း

- မြွေဆိပ်မြီးခြောက် မြွေဆိပ်ဖြေဆေး မရှိသေးပါ။
- 20 WBCT တွင် သွေးမခဲဘဲ ဖြစ်နေနိုင် သည်။
- လူနာကို အနီးကပ်စောင့်ရှောက်ရန် လိုအပ်သောကြောင့် နီးစပ်ရာ ဆေးရုံ သို့ လွှဲပြောင်းပေးပါ။

# ငန်းတော်ကြားမြွေကိုက်ခံရခြင်း

- ငန်းတော်ကြား မြွေဆိပ်ဖြေဆေးမရှိပါ။
- ပြွန်ထည့်ပြီး အသက်ရှူစက်နှင့်ထား၍ ကုသရန် လိုအပ်နိုင်သော ကြောင့် သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီးဆေးရုံသို့ ပို့ဆောင်ရမည်။
- ပို့ဆောင်စဉ်တွင် လိုအပ်လျှင် အသက်ရှူအထောက်အကူပြုနိုင်သည့် ရေးဦးသူနာပြုစုနည်းကို အသုံးပြုရမည်။

# မြွေကိုက်မခံရအောင် ဆောင်ရွက်ရမည့် နည်းလမ်းများ



# မြွေကိုက်ခံရလျှင် ပြုလုပ်ရန်

## မြွေကိုက်ခံရလျှင် ✓ . . .



မြွေဆိပ်သည် ခန္ဓာကိုယ်အနှံ့ လျင်မြန်စွာ ပျံ့နှံ့သွားနိုင်ပြီး ၄င်းမြွေဆိပ်အား တနည်းနည်းဖြင့် ပြန်လည် ထုတ်ယူ၍ မရပါ။



မြွေကိုက်ဒဏ်ရာအား ရေနှင့်ရှေးဦးစွာဆေးပါ (အလွယ်တကူရနိုင်လျှင်)။ လက်(၃)လုံးပတ်လည် အရွယ်ရှိ သန့်စင်သောအဝတ်ကို ဒဏ်ရာပေါ်တွင် ခေါက်တင်၍၄င်းအပေါ်မှ ပတ်တီးကို မြဲမြံစွာ စည်းနှောင်ပါ။



သို့သော်အလွန်အမင်းတင်းကြပ်စွာ မစည်းသင့်ပါ။



ပတ်တီးစည်းနှောင်ထားသော ခြေ/လက်အား မလှုပ်ရှားနိုင်အောင် သစ်/ဝါးချောင်းအရှည်ဖြင့်ကပ်၍ကြိုး/ အဝတ်စဖြင့် ပုံပါအတိုင်းချည်နှောင်ရမည်။ မြွေကိုက်ဒဏ်ရာသည်မည်သည့်နေရာတွင်ရှိစေကာမူ လူနာအားတတ်နိုင်သမျှ ငြိမ်သက်စွာထားရမည်။ လမ်းမလျှောက်ရ၊ သို့မဟုတ်ပါကမြွေဆိပ်လျင်မြန်စွာ ပျံ့နှံ့နိုင်သည်။



မြွေကိုက်ခံရသောလူနာအချို့တွင် ငိုက်မြည်းခြင်း၊ ဟောက်သံကဲ့သို့အသက်ရှူသံပြင်းခြင်း၊ သတိလစ်မေ့မျောခြင်းစသည့် လက္ခဏာများပေါ်ပေါက်လာပါက ပုံပါအတိုင်းတစ်ဖက်သို့ စောင်း၍ အသက်ရှူခြင်းကို ထောက်ကူပေးရမည်။



အရေးကြီးဆုံးမှာ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးရောက်ရှိရန် ဖြစ်သည်၊ လူနာအား လမ်းမလျှောက်စေဘဲ ထမ်းစင်၊ ဆိုက်ကား၊ ကား၊ လှေစသည်တို့ဖြင့် အမြန်ဆုံးပို့ဆောင်ရမည်။ ဖြစ်နိုင်လျှင်ကိုက်သည့် မြွေအသေအားမိမိနှင့် တပါတည်းယူဆောင် လာရမည်။

ပထမအကြိမ် ထုတ်ဝေခြင်း (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ)

# မြွေကိုက်ခံရလျှင် မပြုလုပ်ရမည့် အပြုအမူများ

## မြွေကိုက်ခံရလျှင် ...



အရက် မသောက်ရ၊
မြွေဆိပ်မြန်မြန်ပျံ့နံ့နိုင်သည်။



စုတ်ထိုးခြင်းမပြုရ၊
ပိုးဝင်၍အန္တရာယ်ရှိနိုင်သည်။
ဆေးရုံရောက်ရန် နှောင့်နှေးနိုင်သည်။



ကြပ်စည်းခြင်းမပြုရ၊
သွေးမလျှောက်ဘဲ စည်းထားသော
ကိုယ်လက်အင်္ဂါ ပုပ်နိုင်သည်။



မြွေကိုက်ဒဏ်ရာနှင့် တဝိုက်အား
ဓားဖြင့် ခွဲခြင်း၊ တစုံတခုဖြင့်ထိုးဆွခြင်းမပြုရ၊
ပိုးဝင်၍ အန္တရာယ်ရှိနိုင်သည်၊
ဆေးရုံရောက်ရန် နှောင့်နှေးနိုင်သည်။



မြွေကိုက်ခံထားရသည့် ဒဏ်ရာမှ မြွေဆိပ်များကို
ပါးစပ်နှင့်စုပ်ခြင်းဆေးထိုးအပ်နှင့်စုပ်ထုတ်ခြင်း
မပြုရပါ။ ထိုကဲ့သို့လုပ်ခြင်းဖြင့်
မြွေဆိပ်များပြန်ထွက်လာမည်မဟုတ်ပါ။



မြွေကိုက်ခံရသော ဒဏ်ရာအား
အပူပေးခြင်း၊ ဆေးလိပ်မီးနှင့် တို့ခြင်း မပြုရ၊
အပူလောင်၍အနာဖြစ်နိုင်သည့်အပြင်
ဆေးရုံရောက်ရန်နှောင့်နှေးနိုင်သည်။



မြွေကိုက်ခံရသော ဒဏ်ရာတဝိုက်အား
နှိပ်နယ်ခြင်း မပြုရ၊ ခန္ဓာကိုယ်အနှံ့
မြွေဆိပ်ပိုမိုပျံ့နံ့နိုင်သည်။



ဆေးမြီးတိုများသောက်သုံးခြင်း၊
မြွေကိုက်ဒဏ်ရာအားဆေးအုပ်ခြင်း၊
ကပ်ခြင်း၊ လိမ်းခြင်းမပြုရ၊
ပိုးဝင်၍အန္တရာယ်ရှိနိုင်သည့်အပြင်
ဆေးရုံရောက်ရန်နှောင့်နှေးနိုင်သည်။

ပထမအကြိမ် ထုတ်ဝေခြင်း (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ)

# အသေးစိတ် ဖတ်ရှုနိုင်ရန်

- မြွေကိုက်လူနာပြုစုကုသနည်း လမ်းညွှန်
- မြွေဆိပ်ဖြေဆေးလမ်းညွှန်
- 20 minute whole blood clotting test (20WBCT) လုပ်ဆောင်ပုံ အဆင့်ဆင့်
- ကျေးလက်ကျန်းမာရေးဌာနမှ ဆေးရုံသို့ မြွေကိုက်လူနာ လွှဲပြောင်းပေးပို့ရမည့် ပုံစံ
- မြွေကိုက်ရောဂါ အတွက် ထုတ်ဝေထားသော လက်ကမ်းစာစောင်များအား Mobile Tablet များ အတွင်း ထည့်သွင်းထားပြီးဖြစ်ပါသည်။

- အဆိုပါ လမ်းညွှန်၊ ပိုစတာနှင့် လက်ကမ်းစာစောင်များ အား ပုံနှိပ်၍ ဖြန့်ဝေပေးသွားမည် ဖြစ်ပါသည်။